**ဗာဟုပ္ပစာလက သိက္ခာပုဒ် ၂-ပါး။** ။ကိုရင် ဗုဒ္ဓရက္ခိတ....မြို့ရွာ အတွင်း၌ သွားသောအခါ လက်ရုံး.လက်မောင်းကို မလှုပ်မရှား ငြိမ်သက်စွာထား၍ သွားရသည်၊ ထိုင်သောအခါလည်း လက်ရုံး လက်မောင်းကို မလှုပ်မရှားဘဲ ထိုင်ရသည်၊ [ဗာဟု=လက်ရုံး လက်မောင်း။]

**သီသပ္ပစာလက သိက္ခာပုဒ် ၂-ပါး။** ။ကိုရင် ဗုဒ္ဓရက္ခိတ....မြို့တွင်း ရွာတွင်း၌ သွားသောအခါ ဦးခေါင်းကိုလှုပ်၍ ခါ၍ သွားလည်း မသွားရ, ထိုင်လည်း မထိုင်ရ၊ ဦးခေါင်းကို ငြိမ်ငြိမ်သက်သက်ထား၍ သွားရ ထိုင်ရသည်။ [သီသ=ဦးခေါင်း]

---

ဂ။ ခမ္ဘကတဝဂ်

**ခမ္ဘကတ သိက္ခာပုဒ် ၂-ပါး။** ။ကိုရင် ဗုဒ္ဓရက္ခိတ...မြို့တွင်း ရွာတွင်း၌ သွားသောအခါ ခါးကို လက်ဖြင့် ထောက်၍ မသွားရ၊ ထိုင်သောအခါလည်း ခါးထောက်၍ မထိုင်ရ၊ [ခမ္ဘကတ=ခါးထောက်ခြင်း။]

**ဩဂုဏ္ဌိတ သိက္ခာပုဒ် ၂-ပါး။** ။ကိုရင် ဗုဒ္ဓရက္ခိတ....မြို့တွင်း ရွာတွင်း၌ သွားသောအခါ ဦးခေါင်းကို ခြုံ၍ မသွားရ၊ ထိုင်သောအခါလည်း ခေါင်းမြီး ခြုံ၍ မထိုင်ရ၊ [ဩဂုဏ္ဌိတ=ခြုံအပ်သော ဦးခေါင်းရှိသူ။]

**ဥက္ကုဋိက သိက္ခာပုဒ်။** ။ကိုရင် ဗုဒ္ဓရက္ခိတ....ခြေဖျားဖြင့်သာ မြေ၌ နင်း၍ ခြေဖနောင့်က မြေ၌